ဟန်းဂေါကျေးရွာ

ဝိုင်းမော်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဟန်းဂေါကျေးရွာ၊ ဝိုင်းမော်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၃

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၄

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၄

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၅

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၈

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၀

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၁

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ ၁၂

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၃

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၁၈

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၀
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းအားကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာလ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဟန်းဂေါကျေးရွာ၊ဝိုင်းမော်မြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(၁.၁) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက် အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေ သော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများ ကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့ သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

(၁.၂) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်း အနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဟန်းဂေါ-အင်ဝေါန် ၏ တည်နေရာဒေသမှာ ဝိုင်းမော်မြို့၏ မြောက်ဘက်(၂၃)မိုင်တွင်တည်ရှိပါသည်။ ပထဝီအနေအထားမှာ တောင်ပေါ်မြေပြန့်အနေအထားဖြစ်သည်။ ကျေးရွာပတ်ဝန်းကျင်မှာ အရှေ့ဘက်တွင် တောင်တန်းများရှိပြီး ထွက်ရှိသည့်သယံဇာတများမှာ ရွှေ၊ သစ်၊ ဝါး များ ထွက်ရှိပါသည်။

အနောက်ဘက်တွင် ဧရာဝတီမြစ်ရှိပြီး မြစ်၌ ရွှေများထွက်ရှိသည်။ သဲကျောက်များလည်းရရှိပါသည်။ မြစ်ရေ၌ သဘာဝငါးများလည်း ရရှိပါသည်။ တောင်ဘက်တွင် ချောင်းငယ်များရှိပြီး လယ်ယာစိုက်ခင်းများမှ သဘာဝကောက်ပဲသီးနှံနှင့် ဆန်၊ စပါးများ ထွက်ရှိသည်။ မြောက်အရပ်ဘက်၌ ချောင်းငယ်များနှင့် သဘာဝသစ်တောများ စိမ်းလန်းစိုပြေလျက်ရှိပါသည်။

သဘာဝအရင်းမြစ်များမှာ ဒေသရှိ သယံဇာတများထွက်ရှိသော ရွှေ၊ ကျောက်ရွှေ၊ သစ်ဝါးများ ထုတ်လုပ်ခြင်းဖြင့် လုပ်ကိုင်စားသောက်နေပါသည်။ ဆန်စပါးမှာ တောင်ယာခုတ်ခြင်းဖြင့် ရရှိပါသည်။ လယ်ယာများမှလည်း အနည်းငယ်သာ မိသားစုများဆန်စပါးရရှိကြပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်တင့်ရှိကြပြီးမြေပြန့်ဒေသဖြစ်ကာမြေဆီအသင့်တင့်ကောင်းမွန်သည်။ကျေးရွာတွင် သဘာဝသယံဇာတမှာ ရွှေ အနည်းငယ်ထွက်ရှိပါသည်။ တောင်သူအများစုမှာ မိုးရေကိုသာ အဓိကအားထားပြီး အသုံးပြုလျက်ရှိပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧကမှာ(၃၀)ဧကရှိပြီး ရွာခံများ လုပ်ဆောင်နေသည့်ဧကမှာ (၇.၆၀)ဧကဖြစ်သည်။ ကျန်ဧက(၂၂)ကို အခြားရွာမှ လာရောက်လုပ်ကိုင်ကြသည်။ စိုက်ပျိုးနေသော လယ်ဧကများမှာ စပါးတစ်မျိုးတည်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၅၆)စုနှင့် ကျား(၁၄၅)မ (၁၄၇)ဦးဖြင့် လူဦးရေပေါင်း(၂၉၂)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၃)ဦးနှုန်းရှိကာ နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ကချင်တိုင်းရင်းသားအများစုနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၅၇%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သည့် အရွယ် အမျိုးသားများသည် အမျိုးသမီးများထက် အနည်းငယ်ပို၍ များပါသည်။

(ခ) စီးပွါးရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် နေ့စားကျပန်းအလုပ်ဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံးသည် ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြပြီး ချမ်းသာသောအိမ်ထောင်စုမှာ အနည်းငယ်သာရှိပြီး အလယ်အလတ်အဆင့်သာရှိကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှု ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုမရှိသောကြောင့် ကျေးရွာစီးပွားရေးမှာ မကောင်းပါ။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော (၃၁)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၁၀%)မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နှပ်မှန်စားသုံးနိုင်ကြောင်း(၁၈%)မှာ

သူတစ်ပါးထံမှ မချေးမငှားဘဲ(၃)လခန့် စားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးငွေ(၅၀၀၀၀)ကျပ်မှ (၂၀၀၀၀၀)ကျပ်အထိ ရှိကြသည်။

အိမ်ထောင်စုအားလုံး၏(၁%)ခန့်သည် အမျိုးသမီးအိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာဆင်းရဲကာမိသားစုဦးရေများပြားကြသည်။အလားတူအိမ်ထောင်ဦးစီးက ရွာပြင်ပတွင်သွားရောက်အလုပ်လုပ်ကိုင်နေကြသော အိမ်ထောင်စု(၁၅)စုနှင့် မုဆိုးဖိုတစ်ခုလပ်ဦးဆောင်သည့်အိမ်ထောင်စု(၃)စုလောက်သည် ဆင်းရဲပြီးထိခိုက်လွယ်သည့် အိမ်ထောင်စုများဖြစ်ကြသည်။ ရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါများ၊ အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ရှိတတ်ကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ငှက်ဖျားရောဂါအနည်းငယ်ဖြစ်ပွားမှုရှိကြောင်းတွေ့ရသည်။ အမျိုးသမီးလူငယ်လူရွယ် သက်ကြီးရွယ်အိုတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိကြပါသည်။ အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင် လက်လှမ်းမှီမှုမရှိပါ။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်များ နည်းပါးပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းခွဲတွင် တက်ရောက်သင်ကြားကြပြီး အလယ်တန်း၊ အထက်တန်းတို့ကို အခြားရွာကျောင်းခွဲတို့တွင် တက်ရောက်ကြသည်။ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ) ကျား - မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွပ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာ သတ်မှတ်ကြသည်။ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေ

၍အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။

သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိကြသည်။ ကျား-မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၃)ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ၊ အမျိုးသမီးအဖွဲ့မှာ လုပ်ရှားဆောင်ရွက်မှုအားနည်းသည်။ လူငယ်နှင့်အရံမီးသတ်အဖွဲ့မှာလည်း လုပ်ရှားမှုအားနည်းသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်း ဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၃၀)ရှိပါသည်။ မိုးစပါးပျမ်းမျအထွက်နှုန်းမှာ တစ်ဧကလျှင်(၅၀)တင်းကို မိုးရေဖြင့်သာ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများမရရှိကြပါ။ စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုမရရှိပါ။ တောင်သူများသည် တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှုမညီမျှခြင်းကို ရင်ဆိုင်ရတတ်သည်။ တောင်သူများအနေဖြင့် ထိရောက်သောဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်ကို လိုလားနေကြသည်။ ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံးရှိကြပြီး ဒေသမှ ဝက်မျိုးများကိုမေးမြူကြသည်။ ဒေသကြက်မွေးသည့်အိမ်ထောင်စုလည်း တစ်ရွာလုံးနီးပါးရှိကြသည်။ ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးမှုများရှိသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာအဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူမရရှိနိုင်ကြပါ။ ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ကျေးရွာတွင်မွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ဈေးရောင်းခေါင်းရွက်ဗျတ်ထိုးလုပ်ငန်းတို့ဖြစ်ကြသည်။အခြား

လုပ်ငန်းအနည်းစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့် အတင့် အနေအထားတွင်ရှိသည်။လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင် များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။ ကျေးရွာအလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေများမှာ ကျေးရွာ၏အလားအလာကောင်း တစ်ရပ် ဖြစ်သည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့် သည်။ ဟန်းဂေါ-အင်ပေါန် ကျေးရွာသည် ကုန်းပိုင်းဒေသဖြစ်သောကြောင့် မုန်တိုင်းဘေးအန္တရာယ် နည်းပါးသည်။ အားပျော့သောမုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံရတတ်သည်။အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောငွေမရရှိပါ။ ကျေးရွာသမဝါယမအသင်းကို ဖွဲ့စည်းထားရှိခြင်းမရှိသေးပါ။ ကျေးရွာသားအများစုသည် ချေးငွေကို မိတ်ဆွေ၊ မိသားစုဝင်များ ထံမှ ချေးယူကြပြီး အကြောင်းရင်းမျိုးစုံ ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေးတို့ အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင်ချေးငွေလိုအပ်ချက်များပြား ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင် သောဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ(၂)သိန်း ကျပ်မှ (၅)သိန်းကျပ်အထိ ချေးယူထားကြောင်း တွေ့ရှိရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းကို(ဖဂ'xၥဂ'xဘ၂')အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေ အခင်းကျောင်းဆောင်တွင် သင်ကြားပေးကြသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး မူလတန်းအောင်ရာခိုင်နှုန်းလည်း မြင့်မားသည်။ မူလတန်းအရွယ်ကလေးများမှာ (၉)နှစ်အထက်ကျောင်း သားများပါရှိခြင်း အနီးရွာများမှ ကျောင်းသားများတက်ရောက်နေကြခြင်းတို့ဖြစ်ကြသည်။ ကျောင်းတွင် ပရိဘောဂလုံလောက်မှုမရှိပါ။ မူလတန်းပြဆရာမ(၂)ဦးတို့ရှိကြသည်။ ကျောင်းတွင် တပည့်ဆရာအချိုး သည်(၁၃)ရှိသဖြင့် ကျောင်းဆရာ/မ အင်အားလုံလောက်မှုရှိသည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့ သည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ရွာသူရွာသားများအတွက် ကျန်းမာ ရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းမှီသည်။ ဟန်းဂေါ-အင်ပေါန်ရွာသည် လျှပ်စစ်မီးရရှိသော ရွာဖြစ်သည့် အလျောက် အအေးခန်းဖြင့်သိုလှောင်ရန်လိုအပ်သောဆေးများအတွက် ရေခဲသေတ္တာသုံးပြီးသိုလှောင်ထား နိုင်ပါသည်။ သောက်ရေအတွက် တွင်းရေများရှိပြီး ရေလုံလောက်မှုမရှိပါ။ ချမ်းသာသောအိမ်ထောင်စုများ က အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသောအိမ်ထောင်စုများက ဝါးရိုင်းပတ်ဖြင့်

ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုနည်းပါးသည်။ စာသင်ကျောင်းတွင် ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားခြင်းမရှိပါ။ ကျောင်းသူ/သားများအတွက် အသုံးပြုရန်ခက်ခဲသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပါ။ ကျွန်ုပ်တို့ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာ အကများဖြင့် တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေး လုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်းမရှိသေးပါ။

(ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊ လျှပ်စစ်စွမ်အား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာ ကျောက်ခင်းလမ်းဖြစ်ပြီး ထော်လာဂျီနှင့်သုံးဘီးများကို အသုံးပြု မောင်းနှင်ကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် တို့ကို အသုံးပြုလျှက်ရှိကြသည်။ ကျေးရွာတွင် လျှပ်စစ်မီးကို(၂၀၁၆)ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအနည်းငယ်ခန့်သာ သွယ်တန်းအသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် မိုဘိုင်း ဖုန်းဆက်သွယ်ရေးကို အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်တင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက် အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်း ဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုမရှိပါ။ တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကိုချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင် ကြပြီး လိုအပ်သောသတင်းအရင်းမြစ်များအတွက် လိုအပ်သလိုသိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေး အန္တရာယ်လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲ ထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ် တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းမရှိပါ။

၅။ ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် ခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်အသုံးပြုနိုင်ကြသဖြင့် ကျောင်းသူ ကျောင်းသားများအတွက် စာဖတ်ခြင်း၊ အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားလာ ရေးအတွက် အထောက်အကူပြုနေသည်။ လူငယ်ပညာတတ်များ နည်းပါးပြီးလူဦးရေအားလုံးမှာ အလုပ် လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်နည်းပါးပြီး ကျွမ်းကျင်မှုနှင့်အသက်မွေး ဝမ်းကျောင်းသင်တန်းများ၊ လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းမြစ်များကို တိုးတက်ကောင်းမွန်လာစေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်

ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုတို့ကိုလည်း အလွယ်တကူလက်လှမ်းမှီနိုင်ကြသည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသမှုအတွက် မြစ်ကြီးနားဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာလက်ရှိပညာရေးအနေအထားများအတွက် လိုအပ်မှု ရှိသည်။ သဘာဝအရင်းမြစ်များတွင် တောင်ပေါ်မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအတော်အသင့်ကောင်းမွန်သည်။မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုးရန်အထောက်အပံ့ဖြစ်သည်။ ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန်စျေးကွက်ကောင်းသဖြင့် ကြက်နှင့်နွားကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ သို့သော် မွေး/ကု ဦးစီးဌာနမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများကို တိုးမြင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိ လယ်မြေများမှာ မြေဆီလွှာအသင့်တင့်ကောင်းမွန်သည်မှအပ အခြားသောသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရမည်။ တောင်သူများအနေဖြင့် ပိုးမွှားနှိမ်နှင်းရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များရရှိရန် လိုအပ်သည်။ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိပါ။ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်ပြီး လာမည့်ငါးနှစ်တာကာလအတွက်ကျေးလက်ဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာ သင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရေး ရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီးကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့်ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေးမွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ-၂) ကျွန်ုပ်တို့သည် ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင် စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

(ခ-၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက် ဆောင်ရွက်သည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး မူလတန်းကျောင်းခွဲအတွက် ဘာသာရပ်အလိုက်ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မခန့်ထားရရှိ နိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ-၄) ကျေးရွာတွင်ကျေးရွာလမ်းနှင့်ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏အခြေခံအဆောက်အဦများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကိအသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောက်ရွက်ရန်တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ

ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့်ဘတ်ဂျက်ပမာဏ ပါဝင်သည့်နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်များ ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးတစ်ခုကိုသာ အဓိကထားစိုက်ပျိုးကြသည်။တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးအတွက် နည်းစနစ် ရရှိရေးလိုအပ်သည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ်ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများ အတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက် အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းအဖွဲ့အစည်းထားခြင်း မရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်ပါသည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင်အသေးစားစက်မှုလက်မှုလုပ်ငန်းများမရှိသဖြင့်နိုင်ငံတော်အစိုးရအနေဖြင့်စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး အောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

(င) ကျေးလက်ဈေးဆောက်လုပ်ရေး

လူကြီးခရီးစဉ်ကြဲကြိတ်စဉ်တို့တွင် ဈေးရောင်းမှုကို ရွှေ့ဆိုင်းရတတ်သည်ကိုလည်း ကြုံရတတ် သည်။ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက ရေ၊ သန့်ရှင်းရေးစနစ်နှင့်လမ်းတို့ စနစ်တကျပါဝင်သည့် ဈေးအဆောက်အဦတစ်ခု တည်ဆောက်ပေးရန်ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။ အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားအချို့အတွက်လည်း အကျိုးခံစားမှုရရှိစေနိုင်ပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောတရားနားလည်စေနိုင်မည့် ဖော်ထုတ်ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည်(၅)နှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကတွက်ချက်မှုများဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက (၅)နှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊(၃)နှစ် ကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း(၅)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍အုပ်စုသတ်မှတ်ခြင်း(Economic Classification) သည် စီမံချက်များကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံး၊ ငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်-

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ					
ကဏ္ဍ/ အကြောင်းအရာ	**စီမံချက်**	**ရမှတ် ပေါင်း**	**အဆင့်**	**စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက်**	**မှတ်ချက်**
အုပ်ချုပ်ရေးကဏ္ဍ အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	၁။အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာစွမ်းရည်မြှင့်တင်ပေးရေး	၇၀	၇	-ငြိမ်းချမ်ရေးရရှိစေရန်နှင့် စည်းလုံးညီညွတ်မှုရရှိရန် ညှိနှိုင်းပေးရန် တောင်းခံခြင်း၊ -ဘေးကင်းလုံခြုံရေးရရှိရန် ကာကွယ်ရေဌာနမှ ဌာနေပြည်သူ့စစ်များကို အထူးမွမ်းမံသင်တန်းစည်းရုံးရေးနှင့် အုပ်ချုပ်ရေးသင်တန်းပေးရန် တောင်းခံခြင်း၊ -မူးယစ်ဆေးဝါးအန္တရာယ်မှကင်းဝေးစေရန် ထိထိရောက်ရောက်အရေးယူနိုင်မှုနှင့်ဖို့အတွက် တင်ပြတောင်းခံခြင်း၊	
စိုက်ပျိုးရေးကဏ္ဍ စိုက်ပျိုးရေးသွင်းအားစုနှင့်နည်းပညာသင်တန်း	၂။စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများ တိုးတက်ရေး	၇၆	၅	-စိုက်ပျိုးရေးသွင်းအားစု ဆက်သွယ်မှုရရှိရန် -မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း -ဆည်မြောင်းများ ဖောက်လုပ်ပေးခြင်း -စပါးအထွက်တိုး နည်းပညာသင်တန်း(ပိုးမွှာနှင့်ရောဂါ) -စိုက်ဘဏ်မှချေးငွေကို ကာလတိုးမြှင့်ပေးရန်	
မွေးမြူရေးနှင့် ရေလုပ်ငန်းဈေးကွက်နှင့်နည်းပညာသင်တန်း	၃။မွေးမြူရေးလုပ်ငန်းဆိုင်ရာတိုးတက်ရေး	၇၃	၆	-တရုတ်ဆန်မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများရရှိအောင် မွေးကုဌာနသို့ တင်ပြတောင်းခံခြင်း -ရောဂါကာကွယ်ဆေးထိုးအစီအစဉ် -ခေတ်မှီမွေးမြူရေးစနစ်များ ဆောင်ရွက်နိုင်ရန်တင်ပြခြင်း	
အခြားဝင်ငွေရလုပ်ငန်းများသင်တန်း၊စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း	၄။အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၇၈	၄	-ဒေသနှင့်သင့်လျော်သောအသက်မွေးဝမ်းကျောင်းပညာပေးခြင်း (စက်ချုပ်၊ မုန့်လုပ်၊ စက်ပြင်၊ဆိုင်ကယ်ပြင်) -အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာပံ့ပိုးမှု တင်ပြတောင်းဆိုခြင်း -အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းသက်ဆိုင်သောမူဝါဒ၊ နိုင်ငံခြားသို့အလုပ်	

				လုပ်နိုင်ရေးအတွက် မူဝါဒနှင့်လုပ်ထုံးလုပ်နည်း၊ မူဝါ ဒ	
ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းချေးငွေလက်လှမ်းမှီရေး	၅။သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့်ချိတ်ဆက်ရေး	၆၇	၉	-ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း -အတိုးနှုန်းသက်သာပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ခြင်း -အကျိုးတူကံထရိုက်စနစ်ဖြင့် စီးပွားလုပ်ငန်းများလုပ်ကိုင်နိုင်ရန်တောင်းခံခြင်း	
ပညာရေး ကလေးပညာရေးဖွံ့ဖြိုးရေး	၆။ကျေးရွာ၏ ပညာတတ်မြောက်မှုတိုးတက်ရေး	၈၀	၃	-ကလေးကစားကွင်းတည်ဆောက်ခြင်း -ကျောင်းတွင် ကန်တည်ဆောက်ခြင်းနှင့်ရေသန့်စက်၊ လက်ဆေးစင်များပြုလုပ်ပေးခြင်း -ကျေးရွာ၏ ပညာရေးတိုးတက်ရန်အတွက် သင်ထောက်ကူပစ္စည်း၊ဆရာမအဆောင်များပံ့ပိုးဆောင်ရွက်ခြင်း	
ကျန်းမာရေး ကျေးရွာ၏ ကျန်းမာရေးတိုးတက်လာစေရေး	၇။ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၆၈	၈	-ကျေးလက်ဆေးပေးခန်းတွင်ပရိဘောဂနှင့်ဆေးဝါးများလုံလောက်မှုရှိရန် မြို့နယ်ကျန်းမာရေးဌာနနှင့်ချိတ်ဆက်ခြင်း -ကျန်းမာရေးဝန်ထမ်းတိုးမြှင့်ပေးရန် -ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း	
မူးယစ်ဆေးဝါးပပျောက်ရေး	၈။ကျေးရွာရှိလူငယ်လူရွယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရေး	၈၈	၁	-ပြည်ထဲရေးဌာနသို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရန်အတွက်တောင်းခံခြင်း -တိုက်ဖျက်ရန်ကော်မတီများဖွဲ့စည်းခြင်း -ကျန်းမာရေးဌာနသို့ မူးယစ်တိုက်ဖျက်ရေးဟောပြောပွဲများလာရောက်ပြုလုပ်ရန် တောင်းခံခြင်း	
လမ်းပန်းဆက်သွယ်ရေး လမ်း၊တံတားကောင်းမွန်လာစေရေး	၉။ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက်လာစေရေး	၈၅	၂	-ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း -ကျေးရွာတါင်းလမ်းများပြုပြင်ခြင်း -ရွာတွင်းကွန်ကရစ်တံတားငယ်များတည်ဆောက်ခြင်း	ကျေးလက်ဦးစီးဌာန

လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား လူငယ်များစွမ်း ဆောင်ရည်တိုးတ က်လာစေရေး	၁၀။လူငယ်များကျန်းမာကြံ့ခိုင် ပြီးစာပေဗဟုသုတလေ့လာနိုင် စေရေး			-အားကစားကွင်းနှင့်ပစ္စည်းများတင်ပြတောင်းခံခြင်း -စာကြည့်တိုက်များပြန်လည်အသက်ဝင်လာစေရန် စာအုပ်များဖြည့်ဆည်း ခြင်း၊ စာပေဟောပြောပွဲများပြုလုပ်ခြင်း -ထူးချွန်လူငယ်များအား အသိအမှတ်ပြုဆုပေးပွဲများပြုလုပ်ပေးခြင်း	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်(Project)	ဦးစားပေးအဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	မူးယစ်ဆေးဝါး ပပျောက်ရေး	၁	A	A	A	A	A
၂	ကျေးရွာ၏ ပညာရေးတတ်မြောက်မှုတိုးတက်လာစေရေး	၃	A	A			
၃	ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက်လာစေရေး	၂	A	A	A		
၄	အလုပ်အကိုင်အခွင့်အလမ်းများပြားလာ စေရေး	၄	A	A			
၅	စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ ကျွမ်းကျင်မှုများ တိုးတက်ရေး	၅	A	A	A	A	A
၆	မွေးမြူရေးလုပ်ငန်းဆိုင်ရာတိုးတက်ရေး	၆	A	A	A		
၇	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး	၇	A	A			
၈	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက် လာစေရေး	၈	A	A	A	A	A
၉	သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့်ချိတ်ဆက် ရေး	၉	A	A			
၁၀	လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးရေး	၁၀	A	A	A	A	

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ် ကိုကားရန်ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြ

ထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ-လုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊ အချိန် စသည်တို့)

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	မူးယစ်ဆေးဝါးပပျောက်ရေး	✓				
၂	ကျေးရွာ၏ပညာတတ်မြောက်မှုတိုးတက်ရေး			✓		
၃	ပို့ဆောင်ရေးအခြေခံအဆောက်အဦများတိုးတက်ရေး	✓				
၄	အလုပ်အကိုင်အခွင့် အလမ်းများပြားလာစေ ရေး		✓			
၅	စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ ကျွမ်းကျင်မှုများတိုးတက်ရေး		✓			
၆	မွေးမြူရေးလုပ်ငန်းဆိုင်ရာတိုး တက်ရေး			✓		
၇	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ပေးရေး				✓	
၈	ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး					✓
၉	သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး			✓		
၁၀	လူငယ်များအားစွမ်းဆောင်ရည်မြှင့် တင်ပေးရေး				✓	

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်ဟ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုး ရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင် ပါမည်။ ဥပမာ-မိဘ ဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်း မွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့် မြင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံ ခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများကို လည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုအပ်ပါသည်။

ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘ ဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ် ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာထုတ် ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် မြို့နယ်လယ်ယာစိုက်ပျိုးရေးဦးစီးဌာနနှင့် ၎င်းလမ်း၊ တံတား အထောက် အကူပြုအဆင့်မှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင် ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ❖ ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- ❖ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုး ရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက် ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကျေးရွာကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်သွားပါမည်။

၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းထည့်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး

အဖွဲ့၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့်

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- ❖ စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- ❖ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ
- ❖ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ❖ ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)
- ❖ (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့်အခြားပစ္စည်းလက်ကျန်
- ❖ ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင်ကြုံတွေ့နေရသောအခက်အခဲများ၊ ပြဿနာများ၊
- ❖ ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန်အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့်သက်ဆိုင်ရာဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်(၁)နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂလိုလိုများအား ကျွန်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။

ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့်စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့်အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။